## မဂ္ဂင်ဘုန်းကြီးကျောင်းကို စစ်အာဏာပိုင်တွေက ချိတ်ပိတ်လိုက်ပြီ၊ သံဃာတော်တို့အတွက် နေရာမဲ့ကုန်
၂၉ နိုဝင်ဘာ ၂၀၀၇

ရန်ကုန်မြို့၊ သဃၤန်းကျွန်းမြို့နယ်မှာရှိတဲ့ မဂ္ဂင်ကျောင်းကိုအာဏာပိုင်တွေက ဒီကနေ့ညနေ(၄)နာရီမှာ ချိတ်ပိတ်လိုက်တာကြောင့် ဆရာတော်ကြီးနဲ့ ကိုယ်ရင်(၆)ပါးတို့ဟာ ဘယ်သွားရမှန်းမသိပဲဖြစ်နေပုံကို မျက်မြင်တွေ့ရှိသူတဦးက အခုလိုပြောပြပါတယ်။

"ပစ္စည်းတွေနဲ့၊ ဘုန်းကြီးနဲ့ ကိုယ်ရင်က(၆)ပါး၊ ကျနော်တို့ (၁၄–၁၅)လမ်းဆုံမှာ အဲလိုဘဲ ပစ္စည်းတွေချပြီး ဘယ်သွားလို့သွားရမှန်းမသိ။ ကျောင်းတိုက်တွေကလည်း လက်မခံရဲဘူး၊ ကျနော်တို့ လောလောဆယ် တောင်ဥက္ကလာလမ်းဆုံ လေ၊ (၁၄–၁၅)လမ်းဆုံလမ်းမဘေးမှာ အဲဒီမှာ သေတ္တာတွေ၊ အထုပ်အပိုးတွေရောအဲဒီမှာပြန့်ကြဲပြီးတော့။"

*ရဟန်းသံဃာတွေကိုနှင်ထုတ်ပြီး ဘုန်းကြီးကျောင်းကို ချိတ်ပိတ်လိုက်တဲ့အပေါ် ပြည်သူတွေက ဘယ်လို မြင်ကြပါသလဲ။*

"ဘုန်းကြီးတွေရော၊ လူထုရော တော်တော်များများ စိတ်မကောင်းဖြစ်ရတာပေါ့ဗျာ၊ ဆရာတော်ကြီးတွေနဲ့ ကိုယ်ရင်တွေ ဘယ်သွားလို့သွားရမှန်းမသိ၊ နောက်ဆုံး ခပ်ရိုင်းရိုင်းပြောရရင်ဗျာ ခွေးသေဝက်သေတောင်မှ နေရာလေးရသေးတယ်။ ဆရာတော်ကြီးတွေနဲ့ ကိုယ်ရင်တွေကို ကျောင်းကနေ နှင်ထုတ်လိုက်တော့ ဘယ်သွားရမှန်းမသိ၊ သွားဖို့နေရာပေးတယ် ဆိုရင်လည်း တမျိုးပေ့ါ၊ အခုက လောလောဆယ် အဲဒီလမ်းဆုံမှာဖြစ်နေတယ်၊ ဘယ်ကျောင်းတိုက်မှလည်းလက်မခံရဲတော့ အဲဒီအဆင့်ထိကို ရောက်နေတာ။"

ဒီနေ့မှာပဲ သာသနာရေးဝန်ကြီးဌါနက ခရိုင်အုပ်ချုပ်ရေးမှူးလာပြီး ဘုန်းကြီးကျောင်းကို ချိတ်ပိတ်လိုက်တဲ့အကြောင်း အမိန့်စာလာဖတ်ပြတယ်လို့လည်း မျက်မြင်တွေ့ရှိသူက အခုလိုဆက်ပြောပြပါတယ်။

"အဲဒီ ခရိုင်သာသနာရေးဦးစီးမှူး ဦးကြင်ခိုင်လာပြီးစာဖတ်ပြပြီးတော့ အားလုံးထွက်ခိုင်းတယ်၊ အဲဒီမှာ ကျန်တဲ့ဟိုမှာ ကျောင်းသားနှစ်ယောက်နဲ့ ကျန်တဲ့ပစ္စည်းတွေကိုတော့ စာရင်းလုပ်ပြီးတော့ သူတို့ အကုန်ချိတ်ပိတ်တယ်။"

ပြီးခဲ့တဲ့စက်တင်ဘာလက ရဟန်းသံဃာတွေရဲ့ ပတ္တာနိကုဇ္ဇန သပိတ်မှောက်ကံဆောင်မှုတွေမှာ ပါဝင်ပတ်သက်တယ်ဆိုပြီး ဖမ်းဆီးခံထားရတဲ့ မဂ္ဂင်ဆရာတော်ဦးအိန္ဒကဟာ အနယ်နယ်အရပ်ရပ်ကလာတဲ့ HIV/AIDS ဝေဒနာရှင်တွေကို သူ့ရဲ့ကျောင်းမှာထားပြီး အကူအညီပေးနေသူလည်း ဖြစ်ပါတယ်။ မဂ္ဂင်ကျောင်းမှာ ပြီးခဲ့တဲ့တန်းဆောင်မုန်းလက ကထိန်ခင်းမှုမှာ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများ၊ HIV/AIDSဝေဒနာရှင်များလာ ရောက်ခဲ့တာကြောင့် အာဏာပိုင်တွေရဲ့ စောင့်ကြပ်ကြည့်ရှုမှုကို ခံနေရတဲ့ကျောင်းလည်းဖြစ်ပါတယ်။ ဒီကနေ့ ကျိုက္ကဆံဘုရားထဲမှာတော့ လက်နက်ကိုင်တချို့တပ်စွဲထားပြီး အခြေအနေကို စောင့်ကြည့်နေကြောင်း၊ မဂ္ဂင်ကျောင်းအနီးမှာတော့ အရပ်ဝတ်နဲ့ရဲများက စောင့်ကြပ်ကြည့်ရှုနေတယ်လို့လည်း မျက်မြင်တွေကပြောပါတယ်။